# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်
အစာငတ်ခံဆန္ဒပြတိုက်ပွဲ

စက်တင်ဘာ ၂၈ ရက် ၂၀၀၄

published by
the Communication and Media Operators Committee


# ၈ ရက်မြောက်နေ့

## နယူးယောက်တွင် မိုးရွာသွန်းကာ အအေးဓာတ် ပိုနေသော်လည်း ရဲဘော်များ ဆက်လက်ဆန္ဒပြနေဆဲ

□ တနေ့လုံးအဆက်မပြတ်ရွာသွန်းကာ အအေးဓာတ်လွန်ကဲနေသော နယူးယောက်၏ဆိုးရွားသောရာသီဥတုက အစာငတ်ခံဆန္ဒပြနေသည့် ရဲဘော်များကို ရပ်နားစေခြင်းငှာ မစွမ်းဆောင်နိုင်ခဲ့ပေ။

□ နေ့စဉ်ပြုနေကြဝတ္တရားဖြစ်သည့် ဘုရားရှိခိုးခြင်း၊ မြန်မာပြည်သူများ အား မေတ္တာပို့သခြင်း နှင့်ပရိတ်ရွတ်ခြင်းကို မိုးသည်းသည်း ကြားမှာပင် ဆက်လက် ဆောင်ရွက်ကြရင်း တနေ့တာကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ကြပြန်ပြီဖြစ်သည်။

□ ရဲဘော်များ၏ အစာငတ်ခံဆန္ဒပြတိုက်ပွဲကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက တိုက်ပွဲစတင်ချိန်မှ စ၍ ချောမွေ့ခဲ့ခြင်းမရှိပေ။

□ (ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကြုံကြိုက်ချိန်ဖြစ်သောကြောင့်) နယူးယောက် ကွန်မြူနတီက လွန်ခဲ့သည့် တစ်လခန့်က စတင်ကာ ပန်းခြံအတွင်း ဆန္ဒပြခွင့်ကိုကြိုတင်တောင်းဆို ထားသဖြင့်သာ ခွင့်ပြုချက်ရခဲ့သော်လည်း၊ ပန်းခြံအတွင်းတွင် ရွှေ့ပြောင်း အိမ်သာများထားခွင့်မပြုခြင်းကြောင့် ရဲဘော်များ အိမ်သာသွားရန် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသလို၊ အမိုးအကာများ ထားခွင့်မပြုသည့်အတွက် နေပူကျဲကျဲအောက်တွင် နေ့စဉ်ရက်ဆက် နေထိုင်ခဲ့ ကြရသည်။

□ ရက်အနည်း ငယ်အတွင်းမှာပင် ပန်းခြံ တွင်း၂၄–နာရီနေထိုင် ခွင့်မရတော့ပဲ ညသန်းခေါင်တစ်နာရီအထိသာ ခွင့်ပြုချက်ပေးခဲ့ပြန်သဖြင့် ညအိပ်ချိန် ရောက် လာလျှင် ပြောင်းကြရွှေ့ကြရပြန်သည်။ အဟာရမပြည့်ဝသောကြောင့် အားနည်းနေသော ရဲဘော်များသည် ယာဉ်ရပ်နားခွင့်ပြုသည့်နေရာအထိ ကြိုးစားလျှောက်လှမ်းကာ သွားကြရသလို၊ နယူးယောက်ကွန်မြူနတီ မှ သယ်ယူပို့ဆောင်ရေးကော်မတီဝင်များကလည်း နေ့စဉ်အကြိုအပို့ တာဝန်ကို ယူပြီး မဖြစ်ဖြစ်အောင် ဆက်လက် တိုက်ပွဲဝင်ခဲ့ကြရပြန်သည်။

□ ထို့နောက် ရဲဘော်များ၏ ကျန်းမာရေးအခြေအနေဆိုးဝါးလာကာ ရဲဘော်ခင်ဇော် ကို အရေးပေါ်ဌာနသို့တင်ပို့ ခဲ့ရပြီး၊ ရဲဘော်မောင်မောင်တိတ်ကို ဆေးခန်းသို့ပို့ကာ ဆေးဝါး ကုသမှု ခံခဲ့ရသည်။ တိုက်ပွဲကာလ ကြာလာသည်နှင့်အမျှ ကျန်ရဲဘော်များက အားအင်ချိနဲ့လာနေကြပြီဖြစ်သော်လည်း စိတ်ဓာတ် ရေးရာအရ ချိနဲ့လာကြ ခြင်းအလျှဉ်းမရှိကြပေ။ ဖြစ်ပေါ်လာသောကနဲ့သတ်ချက်များ၊ အပြောင်းအလဲများကို အံတုကာ ဇွဲသတ္တိရှိရှိဖြင့် ဆက်လက်တိုက်ပွဲဝင်လျှက်ရှိကြသည်။

□ ရဲဘော်များထိုသို့ကြံ့ကြံ့ခိုင် တိုက်ပွဲဝင်နိုင်စေသည့် အကြောင်းရင်းများတွင် နိုင်ငံ အသီးသီးရှိမျိုးချစ်မြန်မာများ ပို့သသော အားပေး ထောက်ခံကြောင်း စာများ၊ ပန်းခြင်းများ၊ စကားသံများလည်းတစ်ခုအပါအဝင်ပင်ဖြစ်သည်။

□ အချုပ်ဆိုရသော် ယခုဆင်နွှဲနေသော အစာငတ်ခံဆန္ဒပြတိုက်ပွဲသည် ရဲဘော် ၇–ဦး၏ စွန့်လွှတ်အနစ်နာခံခြင်းကို အရင်းတည်ကာ၊ ကျန်ရှိသော နိုင်ငံအသီးသီးရှိ မျိုးချစ်မြန်မာများ၏အားပေးထောက်ခံမှုဖြင့် ပူးပေါင်းပြီး ပြည်တွင်းရှိ ပြည်သူလူထုတရပ်လုံးအတွက် စည်းလုံးညီညွတ်စွာ တောင်းဆိုပေးနေသည့် သမိုင်းဝင် တိုက်ပွဲတစ်ခုပင်ဖြစ်သည်။ ရဲဘော်များ၏ပြင်းထန်သောစိတ်ဓာတ်နှင့် ပြည်တွင်းပြည်ပရှိ မြန်မာများ၏ စည်းလုံးညီညွတ်မှုတို့အတူတကွ ပူးပေါင်းကာ ဆက်လက် တိုက်ပွဲဝင်သွားမည်ဆိုပါက မကြာမီတောင်းဆိုချက်များကို အရယူနိုင်တော့မည်ဖြစ်သည်။



မိုးသည်းသည်းကြားမှ အစာငတ်ခံဆန္ဒပြတိုက်ပွဲ

Photo: Kay Khine

## ယနေ့ညနေပိုင်းလှုပ်ရှားမှုနှင့် မနက်ဖြန်အတွက် အစီအစဉ်အကျဉ်း

□ ယနေ့ညနေရနာရီ ခွဲ တွင် အစာငတ်ခံဆန္ဒပြသူများတည်းခိုရာ Burma Point သို့နယူးယောက် ဒီမိုကရေစီအင်အားစုများလာရောက် ပူးပေါင်းကာ "ဒေါ်အောင်ဆန်းစုကြည် အတွက် ၅ဖကြိမ်မြောက် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပွဲ" ကို အတူတကွ ကျင်းပခဲ့ကြသည်။

□ စက်တင်ဘာလ ၂၉ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂညီလာခံသို့မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းတက်ရောက်ကာ မိန့်ခွန်း ပြောကြားမည်ဖြစ်သည်။ ယခင်နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ကမ္ဘာတခွင်သို့ လှည့်လည်ကာ စစ်အစိုးရအလိုကျ ပြောကြားလေ့ရှိသည့် အတိုင်း မြန်မာပြည်သူပြည်သားများ၏ လူ့အခွင့်အရေးချိုးဖောက်ခံနေရခြင်းနှင့် ပြည်သူများ၏တောင်းဆိုချက်အမှန်များကို ပြည်ဖုံးကားချကာ "မြန်မာပြည်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်နေကြောင်း၊ ဒီမိုကရေစီနိုင်ငံသစ်ကြီးသို့နည်း လမ်းမှန်ကန်စွာဖြင့်ချီတက်နေကြောင်း" အစရှိသည့် လိမ်ညာစကားများ လာရောက်ပြောကြားဦးမည်ဖြစ်သည်။

□ ထိုသို့ကမ္ဘာ့နိုင်ငံများအသီးသီးမှ ထိပ်သီးခေါင်းဆောင်များစုစည်းနေသည့် အချိန်တွင် သန်းပေါင်း၅၀–ကျော်သော ပြည်သူလူထု၏ အကျိုးစီးပွားကို ပျက်စီးစေပြီး လက်တဆုပ်စာသော စစ်အာဏာရှင်များ အတွက်သာ အကျိုး ရှိစေမည့် မုသားစကားများ လာရောက်ပြောကြားခြင်းကို နယူးယောက် ဒီမိုကရေစီအင်အားစုများနှင့် အတူ အစာငတ်ခံ တိုက်ပွဲဝင်နေသည့် ရဲဘော်များက ဝိုင်းဝန်းကန့်ကွက် ဆန္ဒပြကြမည်ဖြစ်သည်။

□ နိုင်ငံအသီးသီးရှိမျိုးချစ်မြန်မာအဖွဲ့အစည်းများအနေဖြင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးထံသို့ကန့်ကွက်စာများရေးသားပေးပို့ခြင်းဖြင့် အတူတကွ တိုက်ပွဲဝင်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

Visit our websites:
http://longmarchandhungerstrike.odfb.org
www.hungerstrike4burma.com